# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၄၃)

## လူထုအတွက် မွဲဆေးဖော်ထားတဲ့ နအဖ ရဲ့ နဝဂစ် ဖွဲ့စည်းပုံအခြေခံဥပဒေ

ထိုင်းနိုင်ငံမှာ ဝန်ကြီးချုပ်ဆမတ်ဦးဆောင်တဲ့ ထိုင်းအစိုးရနုတ်ထွက်သွားဖို့ ရက်ပေါင်းကိုးဆယ်ကျော်ကြာ ဆန္ဒပြတောင်းဆိုခဲ့တဲ့ လူထုဒီမိုကရေစီ တပ်ပေါင်းစုဟာ နောက်ထပ်တဆင့်တိုးမြှင့်ပြီး လှုပ်ရှားလိုက်ပါတယ်။ ဩဂုတ် (၂၆) ရက်နေ့မှာ အစိုးရရုံးချုပ်၊ ဝန်ကြီးဌာနအချို့နဲ့ အင်န်ဘီတီ ရုပ်သံလွှင့်ရုံကို သိမ်းဖို့ကြိုးစားတာတွေပါဘဲ။ အစိုးရရုံးချုပ်ကိုသိမ်းမိပြီး အဆက်မပြတ်နေ့ရော ညပါ ဆန္ဒပြနေဆဲဖြစ်ပါတယ်။ အစိုးရရုံးချုပ်ကို ဝင်သိမ်းပြီး သိန်းနဲ့ချီတဲ့ လူထုတွေ ရက်ရှည်ဆန္ဒပြတာဟာ ထိုင်းနိုင်ငံသမိုင်းမှာ ဒါဟာ ပထမဦးဆုံးအကြိမ်ဖြစ်ပါတယ်။

လူထုဒီမိုကရေစီတပ်ပေါင်းစုက အယ်န်ဘီတီ ရုပ်သံလွှင့်ရုံကို ဝင်ရောက်စီးနင်းရာမှာ မအောင်မြင်ဘဲ ပြန်လည်ဆုတ်ခွာသွားရတယ်။ ဒီ စီးနင်းမှုအပေါ် အခြားသတင်းဌာနတွေအားလုံးက ဝိုင်းဝန်းကန့်ကွက်တာကို ခံလိုက်ရတယ်။ အယ်န်ဘီတီ ဟာ ထိုင်းအစိုးရပိုင်တာဖြစ်ပေမယ့် သူလည်းဘဲ သတင်းဌာနဘဲ။ သူ့ကိုလဲ လွတ်လပ်စွာ ရုပ်တည်ထုတ်လွှင့်ခွင့်ပေးရမယ်လို့ လူထုဒီမိုကရေစီတပ်ပေါင်းစုကို ဝိုင်းဝန်းတောင်းဆိုကြတယ်။ ဒီ စီးနင်းမှုကိုထောက်ပြပြီး ဝန်ကြီးချုပ် ဆမတ်ကလည်း ရှုံ့ချလိုက်တယ်။ လူထုဒီမိုကရေစီ တပ်ပေါင်းစုက သတင်းဌာနအပေါ် မှားမှားယွင်းယွင်း လုပ်ဆောင်တာ ခင်ဗျားတို့တွေ့ပြီ။ အဲဒီတော့ သတင်းဌာနတွေ အားလုံးစဉ်းစားပါ။ ကျုပ်တို့ အစိုးရဘက်က ရပ်မလား လူထုဒီမိုကရေစီ တပ်ပေါင်းစုဘက်က ရပ်မလား၊ ဆိုပြီး ဝန်ကြီးချုပ်ဆမတ်က သတင်းဌာနတွေအနေနဲ့ ရပ်တည်ချက် ရွေးချယ်ဖို့တိုက်တွန်းတယ်။ အဲဒီမှာတင် သတင်းဌာနတွေ၊ သတင်းထောက်နဲ့ သတင်းစါဆရာအဖွဲ့အစည်းတွေက ဝန်ကြီးချုပ်ဆမတ်ကို ကန့်ကွက်ကြပြန်ပါတယ်။ သတင်းဌာနဆိုတာ အဖြစ်အပျက်အမှန်ကိုသာဖေါ်ပြရတာဖြစ်တယ်။ မှားမှားမှန်မှန် ဘက်တဘက်တည်းကသာ ရပ်တည်ရတာမျိုးမဟုတ်ဘူး၊ သတင်းဌာနတွေကို နှစ်ခြမ်းခွဲဖို့ကြိုးစားတာမျိုးကို လက်မခံဘူးလို့တုန့်ပြန်ကြတယ်။

လူထုဒီမိုကရေစီ တပ်ပေါင်းစုက အယ်န်ဘီတီ ရုပ်သံလွှင့်ရုံကို ဝင်ရောက်စီးနင်းတဲ့ကိစ္စကို နေရှင်းသတင်းစါကြီးက တဘက်က ကန့်ကွက်တယ်။ အခြားတဘက်ကလည်း အယ်န်ဘီတီကို သတိပေးတယ်။ အင်န်ဘီတီကိုယ်တိုင်ကလည်း သတင်းတွေကိုဘက်လိုက်မှုမရှိဘဲ လွတ်လွတ်လပ်လပ် ထုတ်လွှင့်ပေးသင့်တယ်။ ဒီလိုနည်းနဲ့ လူထုကို ကောင်းကျိုးပြုသင့်တယ်လို့ အကြံပေးတယ်။

အဲဒီ သုံးသပ်အကြံပေးချက် ထွက်လာပြီးနောက်ပိုင်းမှာ အယ်န်ဘီတီရဲ့ ရုပ်သံထုတ်လွှင့်ချက်တွေ တစုံတရာပြောင်းလဲလာပါတယ်။ အစိုးရပိုင်းဆိုင်ရာတာဝန်ရှိသူတွေရဲ့ ပြောဆိုရှင်းပြချက်တွေအပေါ် ဦးစားပေးပြီး ထုတ်လွှင့်တာမျိုးတော့ ဆက်ရှိနေတယ်။ ဒါပေမယ့် လူထုတပ်ပေါင်းစုရဲ့ ဆန္ဒပြတဲ့လှုပ်ရှားမှုတွေကို ပိုပြီးဖေါ်ပြပေးလာတယ်။ ဆန္ဒပြခေါင်းဆောင်တွေကို တွေ့ဆုံမေးမြန်းထုတ်လွှင့်ပေးတာတွေ လုပ်လာပါတယ်။ ဆန္ဒပြခေါင်းဆောင်ဖြစ်တဲ့ ချမ်မလောင်းကို ဩဂုတ်လ (၂၉) ရက်နေ့ မှာ အင်န်ဘီတီက အင်တာဗျူးလုပ်ပြီး ထုတ်လွှင့်ပေးခဲ့တယ်။

ချမ်မလောင်းက လူထုဒီမိုကရေစီတပ်ပေါင်းစု ဆန္ဒပြရတဲ့ ရည်ရွယ်ချက်လေးချက်ကို ရှင်းလင်းပြောပြတယ်။ (၁) ဝန်ကြီးချုပ်ဆမတ်က လူထုဆီကသဘောထားဆန္ဒမယူဘဲ ထိုင်းနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဖို့ကြိုးစားတာကိုလက်မခံနိုင်ဘူး။ (၂) ထိုင်းနဲ့ ကမ္ဘောဒီးယားနှစ်နိုင်ငံအကြားမှာရှိတဲ့ အငြင်းပွားနေဆဲ ဘုရားကျောင်းကိစ္စကို အစိုးရရဲ့ ကိုင်တွယ်ဖြေရှင်းပုံ မမှန်ဘူး။ (၃) ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်ကိုစော်ကားတဲ့ အသုံးအနှုံးတွေ သုံးစွဲတယ်။ (၄) ထိုင်းလူထုဟာ အခုအချိန်မှာ ဆင်းရဲနေကြတယ်။ အစိုးရအနေနဲ့ သူ့မှာရှိတဲ့ တိုင်းပြည်ဘဏ္ဍာငွေတွေကို လူထုအတွက် အဓိကထား သုံးသင့်တယ်။ အခုတော့ အဲသလိုမဟုတ်ဘဲ၊ မလိုအပ်ဘဲနဲ့ ငွေသန်းပေါင်းမြောက်များစွာကုန်ကျမယ့် လွှတ်တော်အဆောက်အအုံအသစ်တခုကို တည်ဆောက်ဖို့စီစဉ်နေတယ်။ ဒါကို လက်မခံနိုင်ဘူး။

အဲဒီ အချက်တွေကြောင့် မကြေနပ်လို့ ဆန္ဒပြရတာဖြစ်ကြောင်း ချမ်မလောင်းက တိုင်းပြည်ကို ရှင်းပြတယ်။ ဒီတော့ အင်န်ဘီတီက ဆက်မေးပါတယ်။ ဆန္ဒပြတာ အခြားနေရာမှာ ပြလို့မရဘူးလား။ ဘာကြောင့် အစိုးရရုံးချုပ်ကို ဝင်သိမ်းပြီးမှ ဆန္ဒပြရတာလဲ။ ဒီမေးခွန်းကို ချမ်းမလောင်းက မဆိုင်းမတွဖြေပါတယ်။ အခြားနေရာမှာ ဆန္ဒပြလာခဲ့တာ ရက်ပေါင်း (၉၀) ကျော်လာပြီ။ ဝန်ကြီးချုပ် ဆမတ်အစိုးရက နားမထောင်ဘူး။ သူလုပ်ခြင်တာကို ဇွတ်ဆက်လုပ်နေလို့ အခုလို အစိုးရရုံးချုပ်ကို သိမ်းပြီး ဆန္ဒပြရတာပါဘဲတဲ့။

ဩဂုတ်လ (၃၁) ရက်နေ့မှာ ထိုင်းလွှတ်တော် အရေးပေါ်အစည်းအဝေးကျင်းပပါတယ်။ ဝန်ကြီးချုပ် ဆမတ် က အစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဘို့ကြိုးစားတာမှားသလား။ ပြင်ခွင့် မရှိဘူးလား။ ဖွဲ့စည်းပုံမှာပါတဲ့ အလုပ်မဖြစ်တဲ့ အပိုင်းတွေကို ပြင်လို့၊ အသစ်ရေးဆွဲလို့ မရတော့ဘူးလားဆိုပြီး ဒေါသတကြီးနဲ့ ခုခံဆွေးနွေးသွားပါ တယ်။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘာကြောင့်ပြင်ဘို့ ကြိုးစားရတာဖြစ်တယ်ဆိုတာကိုတော့ ရှင်းရှင်းလင်း လင်း ဆွေးနွေးသွားနိုင်ခြင်း မရှိခဲ့ဘူး။

အတိုက်အခံ ဒီမိုကရက်တစ်ပါတီ လွှတ်တော်အမတ် ဆူရင်က ဆမတ်အစိုးရအပေါ် တည်ငြိမ်ငြိမ် အချက် အလက်ရှိရှိနဲ့ ဝေဘန်သွားပါတယ်။ ဝန်ကြီးချုပ် ဆမတ်က အမြဲတန်းပြောနေတာရှိတယ်။ ငါဘာတွေ မှားနေသလဲ တဲ့။ လူထုတွေ သိန်းနဲ့ချီ၊ အစိုးရအဆောက်အအုံကိုသိမ်းပြီး ဆန္ဒပြတဲ့အထိဖြစ်လာတာဟာ အမှားတခုခုရှိလို့သာ ဖြစ်တယ်။ အကျိုးအကြောင်းမရှိဘဲ လူထုတွေသည်လောက်အထိထွက်လာ ဆန္ဒပြကြမှာမဟုတ်ဘူး။ ဖွဲ့စည်းပုံအ ခြေခံဥပဒေပုဒ်မ ၂၃၇ ကို အစိုးရကပြင်ဘို့ ကြိုးစားတာကို လူထုမကြိုက်လို့ စတင်ဆန္ဒပြကြရာကနေ အခုလိုကြီး ထွားလာတာဖြစ်တယ်လို့ ထောက်ပြပါတယ်။ ဘာကြောင့် မကြိုက်တာလဲဆိုတာကိုပါ ဆူရင်က ဆက်ပြီးရှင်းပြပါ တယ်။

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၂၃၇) ရဲ့ပြဋ္ဌာန်းချက် အနှစ်ချုပ်က သည်လိုပါ။

> နိုင်ငံရေးပါတီတရပ်ရပ်ရဲ့ဥက္ကဋ္ဌ ဖြစ်စေ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် တဦးဦးဖြစ်စေ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ရာမှာ မသမာတဲ့၊ မတရားတဲ့နည်းလမ်းတွေအသုံးပြုခဲ့ကြောင်း ပေါ်ပေါက်တွေ့ရှိရင် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားရုံးကနေ အဲဒီပါတီကို ဖျက်သိမ်းဘို့အမိန့်ချမှတ်နိုင်တယ်။ ပြီးတော့ အဲဒီ ပါတီရဲ့ ဥက္ကဋ္ဌ (သို့မဟုတ်) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ရဲ့ ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ကို ငါးနှစ်ကြာ ရပ်ဆိုင်းထားရမယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အဲသည်ပြဋ္ဌာန်းချက်နဲ့ ဆက်စပ်တဲ့နောက်ခံအကြောင်းလေးကို ဖြည့်စွက်ရှင်းပြလို ပါတယ်။ ဝန်ကြီးချုပ်ဆမတ်ဦးဆောင်တဲ့ ပြည်သူ့အင်အားပါတီအလုပ်အမှုဆောင်အဖွဲ့ ထိပ်ပိုင်းခေါင်းဆောင် တဦး ဟာ မဲတွေဝယ်ယူခဲ့ပြီး လွှတ်တော်အမတ်ဖြစ်လာခဲ့တယ်လို့ထင်ရှားတွေ့ရှိကြောင်းနဲ့ ထိုင်းနိုင်ငံရွေးကောက်ပွဲ ကော် မရှင်က ဖေါ်ထုတ်သုံးသပ်ခဲ့ပြီးပါပြီ။ ဒီ အမှုဟာ အခုဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို ရောက်နေပြီ။ လွှတ်တော်ထဲမှာ အမတ်နေရာ အများစုရနေတဲ့ ဝန်ကြီးချုပ်ဆမတ်ရဲ့ ပြည်သူ့အင်အားပါတီကို ဖျက်သိမ်းဘို့အထိ တရားရုံးက အမိန့်ချနိုင်တဲ့ အနေအထားရှိနေပါတယ်။ ဒီကိစ္စဟာ ဆမတ်အစိုးရအတွက် လက်ရှိမှာကိုဘဲ အကြီးအ ကျယ်ပြသနာ ဖြစ်ပါတယ်။ ဒါကြောင့် ရွေးကောက်ပွဲမှာ မသမာလုပ်မှုတွေအပေါ် အရေးယူခွင့်ရအောင် ထိုင်းနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်ကိုမကြိုက်လို့ ဆမတ်အစိုးရက ပြင်ဘို့ကြိုးစါတာပါ။ ဒါကို လူထုကအကြီးအကျယ် ကန့်ကွက်နေကြတာဖြစ်ပါတယ်။ ဒါက နောက်ခံအကြောင်းပါ။

ဒီမိုကရက်လွှတ်တော်အမတ် ဆူရင် က ဆက်လက်ရှင်းလင်း ဆွေးနွေးပါတယ်။ ဖွဲ့စည်းပုံ ပုဒ်မ ၂၃၇ ပြဋ္ဌာန်း ချက်ကို ပယ်ဖျက်လိုက်ရင် အကျိုးရှိမှာက အစိုးရလုပ်နေသူတွေ ဖြစ်တယ်၊ လူထုမဟုတ်ဘူး၊ အဲသလို ဖြစ်သွားရင် နောင်ကို ထိုင်းနိုင်ငံမှာ မဲတွေဝယ်ပြီး ရွေးကောက်ပွဲအနိုင်ရအောင်လုပ်၊ အစိုးရနေရာယူသွားမယ့် အနေအထားတွေ ကို ဘယ်လိုမှတားဆီးနိုင်မှာ မဟုတ်တော့ဘူးတဲ့။ ဒါကြောင့် အစိုးရဟာ လူထုရဲ့တင်ပြချက်ကို အလေးထားနား ထောင်သင့်တယ်တဲ့ ။

မြန်မာနိုင်ငံမှာ ၂၀၀၈ ခုနှစ် နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် အခြေပြုပြီး ၂၀၁၀ ခုနှစ်မှာ ရွေးကောက်ပွဲ ကျင်းပသွားမယ်လို့ နအဖ က ကြေငြာပြီးပါပြီ။ ဒါပေမယ့် နအဖရဲ့ ဖွဲ့စည်းပုံထဲမှာ ထိုင်းနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၃၇ လို ပြဋ္ဌာန်းချက်မျိုး တလုံးမှမပါဘူး။ ကြံ့ဖွံ့တ်နဲ့ နအဖရဲ့အခြားလက်ပါးစေပါတီ အဖွဲ့အစည်းတွေက ပုဂ္ဂိုလ်တွေ ရွေးကောက်ပွဲမှာ မသမာမှုပေါင်းစုံနဲ့ ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရပြီး၊ လွှတ်တော်ထဲရောက်လာကြမယ့် အခြေအနေကို ဟန့်တားနိုင်ဘို့ ဘာပြဋ္ဌာန်းချက်မှ မရှိဘူး။

ထိုင်းနိုင်ငံနဲ့ နှိုင်းယှဉ်စဉ်းစားရင် နောက်ထပ်အရေးကြီးတဲ့ အချက်တရပ်ရှိပါသေးတယ်။ အစိုးရဟာ မလိုအပ်ဘဲနဲ့ ငွေသန်းပေါင်းမြောက်များစွာကုန်ကျမယ့် လွှတ်တော် အဆောက်အအုံအသစ်တခုကို တည်ဆောက်မယ့်အစား အဲဒီငွေတွေကို ဆင်းရဲသားလူထုတွေအတွက် သုံးစွဲသင့်တယ်ဆိုတဲ့ လူထုဒီမိုကရေစီတပ်ပေါင်းစု ခေါင်းဆောင် ချမ်မလောင်းရဲ့ ထောက်ပြချက်ဟာ ထိုင်းနိုင်ငံမှာရှိတဲ့ အခြေခံလူထုတွေရဲ့ အသဲနှလုံးကိုဆွဲကြုံးယူငင်ပါတယ်။

မြန်မာနိုင်ငံမှာတော့ နအဖဟာ မလိုအပ်ဘဲနဲ့ လွှတ်တော်အသစ်တခုကိုသာမက မြို့တော်ကြီးတခုလုံးကိုပါ အစအဆုံးတည်ဆောက်နေတာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာ လွှတ်တော်အဆောက်အအုံအသစ်ကို မတည်ဆောက်ခင် မှာ အစိုးရက ကြေငြာလုပ်ဆောင်တာ ဖြစ်တဲ့အတွက် လူထုက ကန့်ကွက်ခွင့်ရတယ်။ မြန်မာနိုင်ငံမှာတော့ နအဖက သူ့သဘောနဲ့သူ လျှို့ဝှက်လုပ်ဆောင်သွားတာကြောင့်ရော၊ လူထုသဘောထားဆန္ဒကို ထုတ်ဖော်ခွင့်မပြုတာကြောင့်ပါ လူထုက ကန့်ကွက်ခွင့်မရခဲ့ဘူး။

မြို့တော်နဲ့ ပတ်သက်ပြီး နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အောက်ပါအတိုင်းပြဌာန်းထားပါတယ်။ **နိုင်ငံ တော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို နိုင်ငံတော်သမတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည် ထောင်စု နယ်မြေအဖြစ် သတ်မှတ်သည်။**

တကယ်တော့ ဖွဲ့စည်းပုံမှာ သည်လိုရေးလို့ မရပါဘူး။ **နေပြည်တော်ကို နိုင်ငံတော်၏ မြို့တော်အဖြစ် သတ်မှတ်သည်** ဆိုတဲ့အချက်ကို အရင်ရေးရမှာဖြစ်တယ်။ ပြီးတော့မှ အဲသည်သတ်မှတ်ချက်ကို လက်ခံနိုင် မခံနိုင် လူထုဆီက သဘောထားဆန္ဒ တောင်းယူရမှာပါ။ ဘက်ပေါင်းစုံက ပြည့်စုံနေတဲ့ ရန်ကုန်လို မြို့တော်ကြီး ရှိနေပါရက်နဲ့ ဘာကြောင့် မြို့တော်အသစ်တရပ်ကို ထပ်မံတည်ဆောက်ဘို့ လိုတယ်ဆိုတာ လူထုကို အသေးစိပ်ရှင်းပြရမှာ ဖြစ်ပါတယ်။

တိုင်းပြည်မှာ မြို့တော်အသစ်တခုတည်ဆောက်တယ်ဆိုတာဟာ ငွေကြေးအင်မတန်ကုန်ကျတဲ့ ကိစ္စဖြစ်တယ်။ မြို့တော်အသစ်တခု တည်ဆောက်တာဟာ လွှတ်တော်အသစ်တရပ် တည်ဆောက်တာထက် အနည်းဆုံး အဆတသောင်းမက ငွေကြေးပိုမိုကုန်ကျပါတယ်။ နအဖ ဟာ သဘာဝဓါတ်ငွေ့ရောင်းရတဲ့ ဝင်ငွေတွေကို လူထုအတွက်မသုံးဘဲ နေပြည်တော်ကို တည်ဆောက်ရာမှာ သုံးခဲ့၊ တည်ဆောက်မှုတွေ အတွင်းမှာလည်း ချစားမှုတွေ အကြီးအကျယ်ကျူးလွန်ခဲ့တာကြောင့် လူထုမှာ ဆင်းရဲမွဲတွေနေပါပြီ။ ဒါပေမယ့် တည်ဆောက်လို့ မပြီးသေးပါဘူး။ လူထုအတွက် ကျမ်မာရေး၊ ပညာရေးမှာ သုံးရမယ့်အစား မြို့တော်တည်ဆောက်ရေးအတွက် ကျပ်ငွေ ကုဋေပေါင်း မြောက်များစွာ ဆက်လက်သုံးစွဲ ရပါဦးမယ်။ ဒါကြောင့် လူထုအတွက် မွဲဆေးမဖော်ခြင်ဘူးဆိုရင် နေပြည်တော်ကို မြို့တော်သစ်အဖြစ် တည်ဆောက်ဘို့ ပြဌာန်းထားတဲ့ နအဖရဲ့ ၂၀၀၈ နာဂစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို သမိုင်း အမှိုက်ခြင်းထဲရောက်သွားအောင် ကြိုးပမ်းကြရုံကလွဲလို့ အခြားမရှိပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။